
စိုင်းဝင်းမြင့်
ချစ်ခြင်း



ဒုတိယအကြိမ်

ချစ်ခြင်း၏ ပထမအစ

ပထမတော့ နှစ်တစ်ဝက်လို့ အမည်ပေးမလို့ ပဲ။
နှစ်စက စထားတာကို နှစ်တစ်ဝက် ဖွန်လအကုန်ထိ
ကဗျာတွေ အစဉ်တိုင်းစီပြီး။ ဒါပေမဲ့
သြဂုတ်လကုန်ခါနီးအထိရောက်လာ
ကဗျာပေါင်းချုပ် ဒုတိယအုပ်ထဲ ပျောက်နေလို့
မထည့်သွင်းနိုင်ခဲ့တဲ့ ကဗျာတချို့လည်း
ပြန်ရလာ နှစ်တစ်ဝက်မက ဖြစ်လာ
အခြားအစီအစဉ်တစ်ခု ပြောင်းလာ
နှစ်စက မန်စီမှ ကဗျာများ ရယ်
ဟိုတစ်လောကရေးဖြစ်တဲ့ ချစ်ခြင်း
(ရှေးဟောင်းတရုတ်ပုံပြင်များကို ဆင်ခြင်ပြီးနောက်) ရယ်
နှစ်ပိုင်းခွဲပြီး ကဗျာ ၁၅ ပုဒ် စာအုပ်လေး လုပ်ချင်လာတယ်။
ဒါပေမဲ့ "လူငယ်လေးတစ်ဦးသို့" တွေလည်း
ရှိနေတ မောင်ကောင်းထိုက် (နှီးပဒေါ) တွေ ပြန်ဖတ်မိပြီး

တစ်ခါက ကိုကိုက

ချူချာလို့ အခေါ်ခံခဲ့ရတာကို အမှတ်ရ

ချူချာဆိုတာနဲ့ ကြောက်ဟာသဆိုတာ

ဘယ်သူမဆိုသိကြ " ဒီချစ်ခြင်းထဲ ချူချာနဲ့ ကျွန်တော်" တွေလည်း

ပါဝင်နေ အခြားကဗျာတွေလည်း မနည်းကျန်ရှိနေတာကြောင့်

ဒီချစ်ခြင်းမှာ တလက်စတည်း ဒီချစ်ခြင်းမှာ နောက်ဆက်တွဲ

ဒီ "ချစ်ခြင်း" ကဗျာစာအုပ်ငယ်က ၁၅ ပုဒ်တည်း

ကျန်တာ ၁၀၀ လောက်က BONUS အနေဖြင့်သာ

ထည့်သွင်းခဲ့ပါကြောင်း။ ။

၂၂၊ ၈၊ ၂၀၁၇

* * *

ချစ်ခြင်းအဖွင့်

(၁)

ချစ်ခြင်းဟာ အချစ်နဲ့ ချစ်ခြင်းတရားရဲ့ ကြားအဆင့်လို့ ကျွန်တော်ယူဆ တယ်။ အချစ်ကို လွန်ခဲ့ပြီး ချင်းခြင်းတရားဆီ မဆိုက်ရောက်ခင် အခြေအနေတစ် ရပ်ဖြစ်တယ်။ အချစ်ကို လူတိုင်းလိုလို တွေ့ကြုံခံစားရဖို့ များ ပေမယ့် ချစ်ခြင်းဆီကို တော့ လူအနည်းငယ်သာ ရောက်နိုင်ပြီး

ချစ်ခြင်းတရားဆီကိုဖြင့် လူတစ်ယောက် တလေသာ ရောက်ရှိနိုင်ပါလိမ့်မယ်။

(၂)

သာမန်အားဖြင့်တော့ ဘဝတွေဟာ အချစ်ထဲမှာ ပဲ ဝဲလည်နစ်မြုပ်နေ တတ်တယ်။ အချစ်ဟာ ရမ္မက်အပေါ်မှာ အခြေပြုပြီး ချစ်ခြင်းတရားကတော့ ဉာဏ်အလင်းရောင် တစ်မျိုးလို့ ကျွန်တော် တွေးမိပါတယ်။ အချစ်ဟာ ငယ်ရွယ်မှု ၊ တော်လှန်ရေး ၊ ဟော်မုန်းဓာတ် ၊ အရက်နဲ့ စီးကရက်တွေ ၊ ဂီတ ၊ အမှောင် ၊ နိုင်ငံတော် ၊ ခန္ဓာကိုယ်ရဲ့ အသားနဲ့ ဒွါရအရည်တွေ ၊ အမုန်း ၊ သွေးစက်တွေ ၊ သေချင်စိတ် စတဲ့ အရာတွေနဲ့ ဆက်နွယ်နိုင်တယ်။ ချစ်ခြင်းတရားကတော့ ရမ္မက်ကနေ "ဘဝအတွေ့အကြုံ" လုံထဲမှာ ရွှေအဖြစ် ပြောင်းသွားတဲ့ သန္ဓရသ။ ချစ်ခြင်းနဲ့ ပတ်သက်သမျှ အရာတွေအားလုံးကိုပဲ ရမ္မက်မဟုတ်တဲ့ မွေ့လျော်ဖွယ်အသွင်တစ်မျိုးနဲ့ ခံစားနိုင်မှုကို ချစ်ခြင်းတရားလို့ ကျွန်တော် ဖွင့်ဆိုပါတယ်။ ဒါဆိုရင် ချစ်ခြင်းကရော။ ချစ်ခြင်းကတော့ တောင်ကမ်းပါးနှစ်ခုကို ဆက်ထားတဲ့ တလှုပ်လှုပ် ကြိုးတံတား။ ကူးပြောင်းမှုကာလ။ အမှောင်နဲ့ အလင်းရောနေတဲ့ မြူခိုး။ တစ်ဘဝကနေ နောက်တစ်ဘဝကို သွားနေဆဲ လမ်းပေါ်က တစ္ဆေ။

(၃)

ဇုစ်နတ်ဘုရားဟာ သူဆန္ဒရှိတဲ့ မိန်းမတွေကိုရဖို့ သူ့ကိုယ်သူ အသွင်မျိုး စုံဖန်ဆင်းခဲ့တယ်။ လီဒါကို ရဖို့ ငန်းအသွင် ၊ ယူရီမီဒိုဆာကိုရဖို့ ပုရွက်ဆိတ်အသွင် (သူတို့ နှစ်ယောက်ရဲ့ သားက မိုင်မီဒွန်လို့ ခေါ်တဲ့ ပုရွက်

လူ (ant-man) ၊ ခမည်းတော်ဘုရင်က ကြေးမျှော်စင်ထဲမှာ အကျဉ်းချထားတဲ့ ဒနေးကိုရဖို့ ရွှေရောင် မိုးရေအသွင် ၊ ဟီရာကိုရဖို့ ချိုးငှက်အသွင် စသဖြင့် ပြောင်းလဲခဲ့တယ်။ အချစ်ဟာ အပေါ်ယံအသွင် ၊ တန်ခိုး ၊ တောက်ပပြိုးပြက်မှု ၊ အဆန်းတကြယ်ဖြစ်မှု စတာတွေနဲ့ ဆက်စပ်ပတ်သက်နေတတ်တယ်။

(၄)

"ပါရီက နောက်ဆုံးတန်ဂို"(Last tango in Pari) ရုပ်ရှင်ထဲမှာ မိန်းမသတ်သေပြီးကာစ အမေရိကန်မုဆိုးဖို (မာလွန် ဘရန်ဒို) နဲ့ ငယ်ရွယ်လှတဲ့ ပါရီသူ (မာရီယာ ရှနိုင်ဒါ)တို့ အခန်းငှားဖို့ ရှာကြရင်းနဲ့ မမျှော်လင့်ပဲ ဆုံမိကြတယ်။ နောက်တော့ သူတို့ ဆုံခဲ့တဲ့ အိမ်ခန်းကို မာလွန်ဘရန်ဒိုက ငှားလိုက်တယ်။ အဲဒီ အခန်းမှာ ပဲ သူတို့ ရဲ့ အချစ်ဇာတ်ကို မီးကုန်ယမ်းကုန် ကခဲ့ကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက် မမေးကြေးဆိုပြီး သူစိမ်းနှစ်ယောက်လို လိင်အချစ် သက်သက် ချစ်ခဲ့ကြတယ်။ အချစ် ၊ စိတ်ဓာတ်ကျမှု ၊ ဒေါသ ၊ သွေးရူးသွေးတန်း ဖြစ်မှုတွေဟာ ရောပြွမ်း နေတယ်။ ရုပ်ရှင်ထဲမှာ ဖြစ်ဖြစ် အပြင်မှာ ဖြစ်ဖြစ် ဒီအတိုင်းပဲ။

(၅)

ပါရီဟာ အချစ်ကို ကိုယ်စားပြုတယ်။ အချစ်ရဲ့ မြို့။ အချစ်လို့ ပြောလိုက်တာနဲ့ လူတွေဟာ ပါရီကို ပြေးမြင်တယ်။ မိုဒီလျာနီဟာ ပါရီရဲ့ မွန်ပါးနက်စ်မှာ အချစ်နဲ့ အနုပညာကို တွေ့ရှိခဲ့သူ ဖြစ်တယ်။ မျက်ဆန်မပါတဲ့ သူမိန်းမတွေရဲ့ မျက်လုံးတွေဟာ မျက်စိမရှိတဲ့ အချစ်လိုပဲ။

(၆)

ချစ်ခြင်းဟာဘာနဲ့ တူသလဲဆိုတော့ အဲဒီမြို့ကို ရောက်နေပေမယ့် ဘာမှ ထူးခြားတဲ့ ဝိသေသမရှိလို့ လူတစ်ယောက်ဟာ သူဘယ်မြို့ကို ရောက်လို့ ရောက်နေမှန်းမသိတဲ့ မြို့မျိုး။ ဒါပေမဲ့ အဲဒီမြို့မှာ ပဲ သူ ရောက်ဖူးတဲ့ တခြားမြို့တွေ အားလုံးကို ပြန်မြင်စေနိုင်တဲ့ မြို့မျိုး ၊ ဒီမြို့ ဟာ သူကိုယ်တိုင်က ထူးခြားနေတာ မဟုတ်ပေမယ့် သူ့ရှိမှုဟာ တခြား မြို့တွေရဲ့ ဖြစ်တည်မှုတွေကို ပိုခိုင်မာ စေတဲ့ မြို့မျိုး။ ချစ်ခြင်းဟာ ယန် မောရစ် စွဲလမ်းခဲ့တဲ့ ထူးမခြားနား ထရီစတီမြို့နဲ့ တူတယ်။ ထရီစတီကို အမြဲတမ်း စိတ်မျက်စိနဲ့ မြင်ကြည့်လို့ မရဘူးတဲ့ ။ ချစ်ခြင်းဟာ တကယ် မရှိသလို ထင်ရတဲ့ ထရီစတီမြို့ပဲ။ ဒါပေမဲ့ တကယ်ရှိတယ်။

(၇)

ချစ်ခြင်းတရားကတော့ သိမ်မွေ့နက်နဲလွန်းတယ်။ ရင့်ကျက်မှုလား ၊ ကဗျာတစ်ပုဒ်လား ၊ ဂန္ဓီရဆန်မှုလား ကျွန်တော်မဖွင့်တတ်။ ဒါဆို ဘာ လို့ ရေးခဲ့လဲလို့ မေးစရာရှိတယ်။ ဟုတ်ကဲ့ ချစ်ခြင်းတရားဆိုတဲ့ အခြေ အနေတစ်ရပ် ရှိကြောင်း ကျွန်တော် မမှတ်မသုန် ယုံကြည်လို့ ဖြစ်တယ် ။ မမြင်ဖူးပေမယ့် သေခြင်းတရားကို ယုံကြည်သလို ချစ်ခြင်းတရားကို ကျွန်တော်တို့ ယုံကြည်လို့ ပါပဲ။ ကျွန်တော်တို့ ကြိုးတံတားက လှုပ်လှုပ် ပေါ်ကနေ ချစ်ခြင်းတရားဆီ လျှောက်နေကြပါတယ်။ အဲဒီလိုပဲ ဖြစ်သင့် ပါတယ်။

အောင်ခင်မြင့်

* * *

လူငယ်လေးတစ်ဦး ၃
(သူချစ်တာက တစ်ဦးတစ်ယောက်)

ငါပျောက်နေတော့
ငါဘယ်ရောက်နေလဲလို့ ဘယ်သူမှ မရှာ
ဒီမသာ ဘယ်မှာ သေနေသလဲလို့ သာ တွေးလို့
ကိုယ့်အတွေးနဲ့ ကိုယ် နှစ်များ စွာ
ငါခေါင်းငုံ့လျှောက်လာတော့လည်း
ပြောကြတယ်
မင်းကျပျောက်ထားတာ ရှိလို့ လားပေါ့
နှစ်များ စွာ
ရှေ့ကလာသမျှ ပခုံးချင်းဝင်တိုက်လာ
ငါဘာမှ ကောက်မရချင်ပါ
နှစ်များ စွာ
ကိုယ့်အရိပ်ထဲ ကိုယ်ပြန်ဝင်ရောက်

အခန်းထောင့်မှာ

ကိုယ့်သွေးကို ကိုယ်စမ်း

လမ်းမှာ

နောက် နှစ်အနည်းငယ်ကြာတော့ အဲဒါတွေဟာ

ဘာမှ မဆန်းတော့ပါ

ငါဖြစ်နေတာက စိတ်ဖြစ်ပြီး

ငါခါးနေတာက သွေး

ဒုန်းပြေး နေတဲ့ လူလောကမှာ

ငါဒုန်းစရာမလို

ဘယ်ဟာကို ဘယ်လို

ကျောက်ဆောင်ကို အသာလေးဖိချနေတယ်

ဘယ်အရာမဆို အကြောရှိတယ် အဆစ်ရှိတယ်

တစ်လွှာချင်းနွာ နည်းပညာ

သစ်ပင်ဟာ သူ့မြေနဲ့ သူ့ရေမဟုတ်တဲ့ အခါ

ဘယ်လိုပင် အရွယ်ရောက်လာလာ

အရိပ်မရခင်မှာ မြေကို အမြစ်မဆွဲနိုင်တော့ပဲ

သူ့အလိုလို လဲရတယ်

လူဆိုသည် မှာ

ဘာဖြစ်ဖြစ် သူချစ်ချင်ရာ ချစ်တတ်တဲ့

အချစ်ရှိတယ်

အဲဒါ ငါသိခဲ့တယ်။ ။

၁-၁-၂၀၁၇

* * *

လူငယ်လေး တစ်ဦးသို့ ၄

(အသည်းကောင်းလို့ အဆဲတောင်းကြသူများ)

တစ်နေ့ကျရင်
ခင်ဗျားကို ကျွန်တော် ဘယ်တုန်းကမှ မသိခဲ့ပါဘူး
လူတစ်ယောက်ကို
ကျွန်တော် အခုကတည်းက ချစ်နေခဲ့ရတာ

ဘယ်လောက်မှ မကြာ
ဘယ်လောက်မှ မကျ

အသည်းတောင်းတုန်းက
အသည်းအေး
အသည်းပေးခဲ့တယ်

အဆဲတောင်းလာတော့လည်း
မေတ္တာနောက်တစ်မျိုးနဲ့
ချစ်လို့ ဆဲတာဆိုတဲ့
အသည်းရဲရဲ အဆဲပဲပေါ့

ကျေးဇူးကို အားလုံးတင်ပါတယ်
လွဲကြတာ ကောင်းကြသေးရဲ့ လား။

၄-၁-၂၀၁၇

* * *

လူငယ်လေး တစ်ဦးသို့ ၅

ဆောင်းတစ်ညအေးဖို့ ဆိုတာ
ဘဝပြောင်းသည် အထိ စောင့်ရမှာ လား

သံလမ်း၏ ဖြောင့်တန်းခြင်း

ချစ်သူတို့ ၏ လျှောက်နမ်းခြင်းကို အမှတ်ရ

ပြတင်းပေါက်မှာ နေရောင်ကျနေတာ

လှတယ်လို့ မထင်ကြ

မလွမ်းကြ မဆွေးကြ

ဘယ်သူမှ မေးထောက်မငေးကြ

ဘယ်မှာ နှင်းမှုန်ကြားက လ

ပြတင်းပေါက်က ဘာမှ ဝင်မလာ

ဘယ်သူမှ ထွက်မသွား

နှလုံးသားတွေ နာဖျား

ကျွန်ုပ်တို့ ၏ စိတ်ကူးယဉ်ခေတ်များ

ကုန်ဆုံးခဲ့ပြီလား။

၁၇-၁-၂၀၁၇

* * *

လူငယ်လေး တစ်ဦးသို့ ၆

အမေကြီးက မြစ်ကြီးနားမှာ နေခဲ့ရလို့ (ထင်တယ်)
တစ်ခုခုဆို အမြဲထိတ်လန့်တတ်
မြို့ကြီးပြကြီး ခေတ်ကြီးထဲလည်း
လေရယ် မိုးရယ်လို့ ပဲ တွေးတတ်
တစ်ခုခုကလည်း အမြဲဆို
ရေကြီး ကမ်းပြို မီးဟော့ မီးမော့ဆို
အမေရေ အမေရေလို့ တတတ်
ကျွန်တော့်အဘိုးကို အစ်ကိုကြီးလို့ အားကိုးတကြီးခေါ်ပြီး
သူသား ကျွန်တော့်အဖေကို စကားမဆို
သူမြေး ကျွန်တော့်ကိုတော့ အချစ်ပို
ဘဝအစနဲ့ ဘဝအကုန်ဟာ အမြဲဆုံတတ်
ဒီနေ့ ဒီရက်မှာ တော့ ဘယ်ဘဝမှာ မှ မရှိတတ်
ဒီလိုပဲ ဘဝဟာ ဆွေးမြေ့ကြေကွဲတတ်
မြေးပေါက်စနဲ့
အဘွားအို အဘိုးအို

အဖေ့ညီမနဲ့ ညီဟာ
ကျွန်တော်နဲ့ သူငယ်ချင်းပမာ

သူတို့ အစ်ကိုကြီးရဲ့ သားကို အလိုလိုက်ထားကြတော့
မင်းနဲ့ ငါ
နင်နဲ့ ငါ
ဆယ်နှစ် ဆယ့်ငါးနှစ်ကွာလည်း အရိုင်း ပြင်မရပါ
ဘဝဆိုတာ အရေးအကြောင်း ရှိတတ်တယ်

ပြည်တွင်းစစ်ထဲ လင်သားတိုက်ပွဲကျလို့
ရန်ကုန်ကို အပြီးရောက်လာတတ်
ကျွန်တော်တို့ ဟာ
ကချင်ပြည်နယ်ကလာတော့ ကချင်သူမ ဖြစ်တတ်
အကောင်လေးလို ငယ်တော့ ကောင်လေးလို့ ခေါ်တတ်
ကျွန်တော်လည်း အမည်ရင်း စိုင်းဝင်းမြင့် ဖြစ်တတ်

ဘဝဟာ တစ်နေ့ အဆုံးသတ်ရပါတယ်
တစ်နေ့အဆုံးသတ်ရမယ်ဆိုတာကို သိထားတော့
အိမ်ထဲမှာ ရှိတာတွေကို ကြည့်ထားရတယ်
ရှေးဟောင်း ဗီရို ကျွန်းသားစားပွဲ
ခေတ်ထဲ မလည်တော့တဲ့ ဓာတ်ပြားနဲ့
ခေတ်ထဲ ပေါ်ခါစ ရေဒီယို ကက်ဆက်

ကျွန်တော်လည်း ကြည့်ထားရတယ်
ကြေးကွမ်းအစ်နဲ့ ကွမ်းညှပ်
ကျွန်တော့်ဦးလေးလည်း ဆေးဖိုးလိုတတ်
ကျွန်တော်လည်း မုန့်ဖိုးလိုတတ်
တိုင်ကပ်နာရီ သံပတ်ပေးတဲ့ သော့
ကျွန်တော်ယူဆော့တော့
တိုင်ကပ်နာရီလည်း မသွားတော့
တိုင်ကပ်နာရီ မသွားတတ်တော့
နာရီချိန်သီးနောက် လိုက်ကြည့်စရာမလိုတော့
တချက်ချက်မမြည်
တဒေါင်ဒေါင် မရေတွက်တော့
တိုင်ကပ်နာရီလည်း မရှိတော့
အဲဒီတော့ ဘယ်သူမှ မရှိတော့တဲ့ ဒီနေ့ဒီရက်မှာ မှ
ဘယ်သူ့လက်ချက်ရယ်လို့ ဆိုရဦးမယ့်
အခု ကျွန်တော့်လက်ရာ

သားဆိုး မြေးဆိုးရှိမှ တော့
မင်းဆိုး သူခိုးကိုလည်း ထည့်တွေးစရာမလိုတော့
အမေရှိရင် ငွေရှိတယ်လို့

ကိုယ်တို့ ခေတ်လူငယ်များ ဆိုလာပေါ့

ကျွန်တော်တို့ က အမေ့ကိုပဲ အမေကြီးကိုပဲ ဆိုးတာပါ

ခေတ်ဆိုးကြီး အရိုးပေါ် အရည်တင်နေတဲ့

ချစ်ခင်ဖွယ်လူသား အသား

ဘဝများကုန်ဆုံးခဲ့သော်လည်း

လူတစ်ယောက် မကုန်ဆုံးခဲ့ပါ

လူတစ်ယောက် လူတစ်ယောက် နှစ်များ စွာ။ ။

၂၉-၁-၂၀၁၇

* * *